# ကိုယ့်ဒူးကိုယ့်ချွန်အဆင်းရဲအပင်ပန်းခံ
# လုံး ပမ်း တိုက် ခိုက် တဲ့
# ၄၇ - ၄၉ စိတ်ဓာတ်တွေကို မွေးမြူကြ

သခင် ဗ သိန်း တင်

၁၉၇၉ ခု ဩဂုတ်လ ၁၅ ရက်

## ကိုယ့်ဒူးကိုယ်ချွန် အဆင်းရဲအပင်ပန်းခံ
## လုံးပမ်းတိုက်ခိုက်တဲ့
## ၄၈ – ၄၉ စိတ်ဓာတ်တွေကို မွေးမြူကြ

ရဲဘော်တို့
မိတ်ဆွေတို့
ပြည်သူလူထုအပေါင်းတို့...

၁။ ဒီနေ့ဟာ ဗမာပြည်ကွန်မြူနစ်ပါတီဝင်တွေ၊ ကွန်မြူနစ်လူငယ်တွေ၊ ကေဒါတွေ၊ ပြည်သူ့တပ်မတော် တပ်မှူးတပ်သားအားလုံး၊ ဗမာပြည်ရှိ အဖိနှိပ်ခံ လူတန်းစားအားလုံး၊ ဒီမိုကရေစီပုဂ္ဂိုလ်များနဲ့ ပြည်ချစ်ပုဂ္ဂိုလ်များ အားလုံး၊ ဗမာပြည်ရှိ အမျိုးသားလူနဲ့စုအားလုံး အလွန်ဝမ်းသာရမဲ့ နေ့တနေ့၊ အလွန်ဂုဏ်ယူရမဲ့ နေ့တနေ့ ဖြစ်ပါတယ်။

အကြောင်းကတော့ ဒီနေ့ဟာ ဗမာပြည်ကွန်မြူနစ်ပါတီ တည်ထောင်တဲ့ အနှစ် ၄၀ မြောက် နေ့ဖြစ်လို့ဘဲ။

---

လွတ်မြောက်သည့် ဒေသဘနေရာတွင် ကျင်းပသော ဗမာပြည်ကွန်မြူနစ်ပါတီ အနှစ် ၄၀ မြောက်လူထုစည်းဝေးပွဲ၌ ပါတီဥက္ကဋ္ဌ သခင်ဗသိန်းတင် ပြောကြားသည့်မိန့်ခွန်းဖြစ်ပါသည်။

၂။ လူ့ဘယောက်ရဲ့အသက် အနှစ် ၄၀ ပြည့်တာ နဲ့ကွန်မြူနစ်ပါတီ တခုရဲ့အသက် အနှစ် ၄၀ ပြည့်တာဟာ အခြေခံအားဖြင့် လုံးဝခြားနားတယ်။

လူ့ဘယောက် အသက် ၄၀ ပြည့်လို့ရှိယင် သူ့ဘဝအတွေ့အကြုံများဟာ အခြေခံအားဖြင့် သူတဦးခြင်းရဲ့ ဖြတ်သန်းမှုမှ အမြင်ရရှိလာပြီး သူ့အသိဉာဏ် ဖြစ်လာတာဘဲ။

ဒါပေမဲ့ ကွန်မြူနစ်ပါတီတခုအတွက် အနှစ် ၄၀ အတွင်းရရှိတဲ့ အတွေ့အကြုံများဟာ အလွန် အဘိုးထိုက်တန်တယ်။ အကြောင်းကတော့ ဒီအတွေ့အကြုံတွေဟာ စုပေါင်းခေါင်းဆောင်မှုမှ ပေါ်ထွက်လာလို့ဘဲ။ ဆိုလိုတာက စုပေါင်းအသိဉာဏ်၊ စုပေါင်းစဉ်းစားမှု၊ စုပေါင်းလုပ်ဆောင်မှု အစရှိတာတွေမှ ပေါ်ထွက်လာလို့ဘဲ။ ဒီအတွေ့အကြုံတွေကို ပြင်းထန်တဲ့အမျိုးသားရေး တိုက်ပွဲများနဲ့ လူတန်းစားတိုက်ပွဲများအတွင်း တန်ဘိုးအများကြီးပေးပြီးမှ ရလာတာဖြစ်တယ်။

တခွန်းထဲနဲ့ ပြောရယင် ကျနော်တို့ပါတီဟာ တိုက်ပွဲအမျိုးမျိုးထဲမှ ကြွယ်ဝတဲ့အတွေ့အကြုံနဲ့ သင်ခန်းစာတွေရလာပြီး ရင့်ကျက်တဲ့ ပါတီတခုဖြစ်လာပြီ။

၃။ ကျနော်တို့ ကွန်မြူနစ်တွေအနေနဲ့ ပြဿနာတခုခုကို ကြည့်ယင် အနုပဋိလောမရုပ်ဝါဒနဲ့ သမိုင်းရုပ်ဝါဒအမြင်အရ ဘက်ပေါင်းစုံမှ ကြည့်တတ်၊ ချဉ်းကပ်တတ်ဘို့လိုတယ်။ ဆိုလိုတာက ဖြစ်ပေါ်တိုးပွားနေတဲ့ ဖြစ်စဉ်အရကြည့်ရမယ်။ ရှေ့ကိုလဲချီတက်၊ အထက်ကိုလဲမြင့်တက်နေတယ် ဆိုတဲ့အမြင်နဲ့ ကြည့်တတ်ဘို့လိုတယ်။

ကျနော်တို့ ဗမာပြည်ကွန်မြူနစ်ပါတီက ဖြတ်သန်းခဲ့တဲ့ အနှစ်၄၀

သမိုင်းကို ပြန်ကြည့်လိုက်ယင် ကျနော်တို့တတွေဟာ ဝမ်းပန်းတသာနဲ့ ဂုဏ်ယူရမဲ့ သမိုင်းဖြစ်တယ်ဆိုတာကို တွေ့ရပါတယ်။

ဒီလိုဆိုလို့ ကျနော်တို့ပါတီမှာ အမှားတွေမရှိခဲ့ဘူးလား။ ရှိခဲ့ပါတယ်။ ဒါပေမဲ့လီနင်သင်ကြားထားသလို၊ အမှားဖြစ်လာယင် အမှားဖြစ်တဲ့သမိုင်းနောက်ခံ၊ အမှားဖြစ်ရတဲ့ အကြောင်းရင်းဇစ်မြစ် စတာတွေကို လေးလေးနက်နက် ခွဲခြမ်းစိတ်ဖြာရှာဖွေပြီး အမှားကို ရဲရဲကြီးကြည့်ခဲ့တယ်။ ရဲရဲကြီးပြင်ခဲ့တယ်။

ရဲဘော်မော်စီတုန်းကလဲ အမှားရှိယင် ပြင်ရမယ်လို့ သွန်သင်ခဲ့တာပါဘဲ။

တကမ္ဘာလုံးမှာ ဘယ်မာ့က်စ်လီနင် ပါတီတွေဘဲဖြစ်ဖြစ် တခါမှမမှားဘူးတဲ့ပါတီ၊ တခါမှမမှားဘူးတဲ့ ခေါင်းဆောင်ရယ်လို့ ရှိခဲ့ဘူးပါသလား။ မရှိခဲ့ဘူးပါ။ အမှားနဲတာများတာ၊ ကြီးတာငယ်တာ ခြားနားကြတာဘဲ ရှိပါတယ်။

ကွန်မြူနစ်ပါတီမှန်ယင်၊ အမှားမှားမိယင် ဒီအမှားထဲက သင်ခန်းစာထုတ်ယူပြီး ဒီအမှားကို ပြင်လိုက်တာဘဲ။ အဲဒီလိုဖြစ်စဉ်တွေကို ဖြတ်သန်းပြီးမှ နောက်ဆုံးအောင်ပွဲကို ဆွတ်ခူးခဲ့တာချည်းပါဘဲ။

၄။ (က) ဗမာပြည်မှာ အနှစ် ၄၀ ကြာတည်တံ့ခဲ့တဲ့ နိုင်ငံရေးပါတီ ဘယ်နှစ်ခုရှိပါသလဲ။ တခုထဲဘဲရှိတယ်။ အဲဒါဗမာပြည်ကွန်မြူနစ်ပါတီဘဲ။

(ခ) ဗမာပြည်မှာ အဖိနှိပ်ခံ လုပ်သားပြည်သူလူထု အကျိုးအတွက် အမြဲတန်း ရှေ့တန်းမှရပ်တည်ပြီး တိုက်ပွဲဆင်ခဲ့တာ၊ တိုက်ပွဲဆင်နေတာ၊ နောင်လဲဆက်လက် တိုက်ပွဲဆင်သွားမှာ ဘယ်ပါတီလဲ။ ဗမာ

ပြည် ကွန်မြူနစ်ပါတီဘဲ။

(ဂ) တတိုင်းပြည်လုံး တစည်းတလုံးထဲရှိအောင်၊ ပြည်သူတွေ အားလုံး သွေးစည်းညီညွတ်အောင်၊ အမျိုးသားအသီးသီး သွေးစည်း ညီညွတ်အောင် ကြိုးပမ်းလုပ်ဆောင်နေတာ ဘယ်ပါတီလဲ။ ဗမာပြည် ကွန်မြူနစ်ပါတီဘဲ။

(ဃ) ဗမာပြည်မှာ အတွေ့အကြုံ အကြွယ်ဝဆုံးနဲ့ ဝါအရင့်ဆုံး ပါတီဟာဘယ်ပါတီလဲ။ ဗမာပြည်ကွန်မြူနစ်ပါတီဘဲ။

(င) ဗမာပြည်မှာ အမျိုးသားနဲ့ လူတန်းစားလွတ်မြောက်ရေး အတွက် အလုပ်အကျွေးပြုရင်း ချွေးတွေ သွေးတွေနဲ့ အသက်ပေါင်း များစွာ ပေးလှူခဲ့တာ ဘယ်ပါတီလဲ။ ဗမာပြည်ကွန်မြူနစ်ပါတီဘဲ။

(စ) ဗမာပြည်မှာဒီနေ့ ပြည်သူတွေကြုံနေရတဲ့ အကြပ်အတည်း ပေါင်းစုံက လွတ်မြောက်ရေးအတွက် လမ်းညွှန်နေတဲ့ပါတီ၊ ခေါင်း ဆောင်နေတဲ့ပါတီ၊ ပြည်သူတွေနဲ့အတူ တိုက်ပွဲဝင်နေတဲ့ပါတီ၊ တပြည် လုံးအာဏာသိမ်းပြီး လူလူချင်းသွေးစုတ်တဲ့စနစ်ကို တကယ်တမ်းဖျက် သိမ်းနိုင်မဲ့ပါတီဟာ ဘယ်ပါတီလဲ။ ဗမာပြည်ကွန်မြူနစ်ပါတီ တခုထဲ သာရှိတယ်။

(ဆ) ဗမာပြည်မှာ ပစ္စည်းမဲ့ နိုင်ငံတကာ့ ဝါဒနဲ့ တော်လှန်တဲ့ ပြည်ချစ်ဝါဒကို တကယ်တမ်းလက်တွေ့ ကျင့်သုံးနိုင်တာဟာ ဘယ် ပါတီလဲ။ ဗမာပြည် ကွန်မြူနစ်ပါတီ ဘဲဖြစ်တယ်။

ရဲဘော်တို့

ကနေ့နိုင်ငံတကာ့ အခြေအနေကိုပြောရယင် ဆိုဗီယက်ဆိုရှယ်

နယ်ချဲ့နဲ့ အမေရိကန်နယ်ချဲ့တို့ ၂ဦးအနက် ဆိုဗီယက်ဆိုရှယ်နယ်ချဲ့ဟာ ပိုမိုသောင်းကျန်းလာပြီး၊ အာဖရိကတိုက်မှာဆိုယင် သူ့ရဲ့နောက်လိုက်ခွေးဖြစ်တဲ့ ကျူးဘားတပ်တွေကိုအသုံးပြုပြီး ဝင်ရောက်စွက်ဖက် ကျူးကျော်နေတယ်။ အရှေ့အာရှ တောင်ပိုင်းမှာဆိုယင် သူ့ရဲ့နောက်လိုက်ခွေးဖြစ်တဲ့ ဗီယက်နမ်တပ်တွေကို အသုံးပြုပြီး၊ လာအိုကိုစစ်တပ်နဲ့ ချုပ်ကိုင်ထားပြီး လွတ်လပ်တဲ့ ဒီမိုကရက်တစ် ကန်ပူချီးယားကို စစ်တပ်အင်အားနဲ့ ကျူးကျော်သိမ်းပိုက်ခဲ့တယ်။

ဒါကြောင့် တကမ္ဘာလုံးရှိ ပြည်သူလူထုဟာ ဗိုလ်နှစ်ဗိုလ်၊ အထူးသဖြင့် ဆိုဗီယက်ဆိုရှယ်နယ်ချဲ့ကို အဓိကတိုက်တိုက်ဖို့လိုအပ်တယ်။ လက်ရှိအခြေအနေမှာ အရှေ့အာရှတောင်ပိုင်း တိုင်းပြည်များရှိ ပြည်သူလူထုဟာ ဆိုဗီယက်ဆိုရှယ်နယ်ချဲ့နဲ့ သူ့နောက်လိုက်ခွေး ဗီယက်နမ်ရဲ့ နယ်မြေတိုးချဲ့ ကျူးကျော်ရေးကို အထူးဂရုစိုက်ပြီး သတိထားရလိမ့်မယ်။

## ရဲဘော်တို့

ဒီနေ့လိုမင်္ဂလာရှိတဲ့ ပါတီအနှစ် ၄၀ မြောက် နေ့မှာ တပြည်လုံးရှိ ပါတီဝင်တွေ၊ ကွန်မြူနစ်လူငယ်တွေ၊ ပြည်သူ့တပ်မတော် တပ်မှူးတပ်သားတွေနဲ့ ကေဒါတွေအားလုံးကို ပါတီဗဟိုကော်မတီ ကိုယ်စားတောင်းဆိုချင်တာ တခုရှိတယ်။ အဲဒါကတော့ မနေရှင်ပေါက်စအတွေးအခေါ်ရဲ့ အဓိကဖော်ပြချက်ဖြစ်တဲ့ တဦးချင်းဝါဒနဲ့ ကိုယ်ကျိုးကြည့်မှုတို့ကို လုံးဝစွန့်လွှတ်ပြီး၊ ပါတီ၊ တော်လှန်ရေးနဲ့ ပြည်သူလူထုအကျိုးအတွက် အသက်ပေးလှူမှု အပါအဝင် စွန့်လွှတ်မှုအမျိုးမျိုးပြုပြီး၊ ကိုယ့်

ဒူးကိုယ်ချွန် အဆင်းရဲအပင်ပန်းခံ လုံးပမ်းတိုက်ခိုက်တဲ့ ၄၈ - ၄၉ စိတ်ဓာတ်တွေကိုမွေးမြူပြီး လက်တွေ့အကောင်အထည်ဖော်ကြဘို့ အလေးအနက် တောင်းဆိုလိုက်ပါတယ်။

တချိန်ထဲမှာ "လက်နက်ကိုင်တိုက်ပွဲကို အဓိကတိုက်ပွဲသဏ္ဍာန်အဖြစ်ထားပြီး တခြားတိုက်ပွဲသဏ္ဍာန်အမျိုးမျိုးနဲ့ ပေါင်းစပ်ပေးရမယ်" လို့ ကျနော်တို့ ပါတီဗဟိုကော်မတီက ချမှတ်ထားတဲ့ နည်းပရိယာယ် လမ်းစဉ်အတိုင်း ဆောင်ရွက်သွားကြရမယ်။

ရဲဘော်တို့

ခုလိုနေ့ထူးနေ့မြတ်မှာ ဗမာပြည်တပြည်လုံးမှာ နည်းအမျိုးမျိုးနဲ့တိုက်ပွဲဝင်နေကြတဲ့ ရဲဘော်တွေ၊ မိတ်ဆွေတွေ၊ ပြည်သူတွေ၊ ဒီမိုကရေစီ ပုဂ္ဂိုလ်တွေအားလုံးကို ပါတီဗဟိုကော်မတီကိုယ်စား လှိုက်လှိုက်လှဲလှဲ မေးမြန်းဂုဏ်ပြုလိုက်ပါတယ်။

ရဲဘော်တို့

ပါတီအသက် အနှစ် ၄၀ အတွင်းမှာ ပါတီ၊ တော်လှန်ရေး၊ လူထုအတွက် ကျနော်တို့ပါတီဝင်တွေ၊ ကွန်မြူနစ်လူငယ်တွေ၊ ကေဒါတွေ၊ တပ်မတော်သားတွေ၊ အဖိနှိပ်ခံပြည်သူတွေ စွန့်လွှတ်ခဲ့တဲ့ အသက်ပေါင်းဟာမနဲပါဘူး။ သူတို့ကျခဲ့တဲ့ချွေး၊ သွေးတွေဟာ အားလုံးပေါင်းလိုက်ယင် ရေဝတီမြစ်ရေလျှင်ထက် မနဲပါဘူး။ သူတို့တတွေရဲ့ အရိုးတွေကိုစုပုံလိုက်ယင် ပုပ္ပါးတောင်ထက် ပိုမြင့်ပါလိမ့်မယ်။

ရဲဘော်တို့

ဒီအာဇာနည်ရဲဘော်တွေ လျှောက်ခဲ့တဲ့ သွေးစွန်းနေတဲ့ လမ်းအတိုင်း ကျနော်တို့တတွေလဲချီတက်ကြပြီး နောက်ဆုံးအောင်ပွဲအရယူကြပါစို့။

တပါတီလုံးသွေးစည်းညီညွတ်ပြီး အောင်ပွဲအရယူရေးအတွက် ချီတက်ကြပါစို့။

မာ့က်စ်ဝါဒ၊ လီနင်ဝါဒ၊ မော်စီတုန်း အတွေးအခေါ် အစွန့်ရှည်ပါစေ။

ဂုဏ်ရောင်ပြောင်တဲ့ ဗမာပြည်ကွန်မြူနစ်ပါတီ အစွန့်ရှည်ပါစေ။

နေဝင်းစန်းယု ဖောက်ပြန်ရေးစစ်အစိုးရ မုချကျဆုံးရမယ်။

ဗမာပြည်ပြည်သူ့ဒီမိုကရေစီ တော်လှန်ရေး မုချအောင်ရမယ်။

ဘာသာပြန်နှင့် စာပုံနှိပ်ဌာန
ဗမာပြည်ကွန်မြူနစ်ပါတီ
၁၉၇၉ ခုနှစ် ဩဂုတ်လတွင် ရိုက်နှိပ်သည်။